# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၉ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ ကြီးကြပ်စီမံရေးအက်ဥပဒေ။
## (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁။)
## ၁၃၁၀ ခု၊ တပို့တွဲလဆုတ် ၇ ရက်။
## (၁၉၄၉ ခု၊ ဖေဖေါ်ဝါရီလ ၁၉ ရက်။)

**[ ပြင်ဆင်: 23.07.1951 ]**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

၁။ ။ ဤအက်ဥပဒေကို **၁၉၄၉ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲ ကြီးကြပ်စီမံရေးအက်ဥပဒေ**ဟုခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေသည်၊ ပဌမအကြိမ်ကျင်းပသော ပါလီမန်ရွေးကောက်ပွဲပြီးဆုံးသည်အထိ အာဏာ တည်ရမည်။

၃။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာ၌သော်၎င်း၊ ရှေ့နောက်စကားတို့၌သော်၎င်း၊ ရည်ရွယ်ချက် တမျိုးတမည် မပေါ်ပေါက်ခဲ့သော် ဤအက်ဥပဒေ၌၎င်း၊ ၁၉၄၈ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲ အက်ဥပဒေ၌၎င်း၊ သုံးစွဲထားသော စကားရပ်များသည် ထိုအက်ဥပဒေမှာကဲ့သို့ပင် သက်ဆိုင်ရာ၌ တူညီ သော အဓိပ္ပါယ်ကိုဆောင်သည်ဟု မှတ်ယူရမည်။

၄။ ။ (၁) ပါလီမန်ရွေးကောက်ပွဲပဌမအကြိမ်ကျင်းပသည်ကို ကြီးကြပ်စီမံရန် ကြီးကြပ်စီမံရေးအဖွဲ့တခုကို ဖွဲ့စည်း ရမည်။

(၂) ထိုအဖွဲ့တွင်၊ အောက်ပါပုဂ္ဂိုလ်တို့ပါဝင်စေရမည်။

(၁) နိုင်ငံတော်တရားဝန်ကြီးချုပ်။

(၂) လွှတ်တော်တရားဝန်ကြီးချုပ်။

(၃) နိုင်ငံတော်တရားဝန်ကြီးချုပ်က ရွေးချယ်အမည်ပေးမည့် တရားလွှတ်တော်ချုပ် တရားဝန်ကြီး တဦး။

(၄) နိုင်ငံတော်သမတကခန့်ထားသည့်-

(က) ပြည်နယ်များအတွက် ကိုယ်စားလှယ်တဦး၊

(ခ) ကရင်အမျိုးသားအတွက် ကိုယ်စားလှယ်တဦး၊

(ဂ) အခြားကိုယ်စားလှယ်နှစ်ဦး။

(၅) အဖွဲ့၏သဘာပတိသည်၊ ပုဂ္ဂိုလ်တဦးဦးအား အဖွဲ့၏အတွင်းဝန်အဖြစ် ခန့်ထားနိုင်သည်။

(၃) အရွေးခံသူအဖြစ်ဖြင့်သော်၎င်း၊ မဲဆန္ဒရှင်အဖြစ်ဖြင့်သော်၎င်း ရွေးကောက်ပွဲ၌ ပါဝင်ဆင်နွှဲခွင့် ရှိသူများသည်၊ မိမိတို့ရသင့်ရထိုက်သော အခွင့်အရေးများကို ရနိုင်စေရေးအတွက် ပဌမပါလီမန် ရွေး ကောက်ပွဲကို တရားမျှတစွာ ကျင်းပနိုင်စေခြင်းအလို့ငှါ လိုအပ်သော စီရင်ဘွယ်ရာတို့ကို ဆောင်ရွက်ရန် အလုပ်ဝတ်တရားသည်၊ ထိုအဖွဲ့၏ဝတ်တရားဖြစ်ရမည်။

(၄) အဖွဲ့၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရာတွင်၊ အုပ်ချုပ်ရေးဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာ အာဏာပိုင် အရာရှိများသည် အဖွဲ့ကိုကူညီဆောင်ရွက်ကြရမည်။

၅။ ။ ပုဒ်မ ၄ (၃) ၌ ဖော်ပြထားသောကြီးကြပ်စီမံရေးအဖွဲ့၏ အလုပ်ဝတ်တရားနှင့် တာဝန်ဝတ် တရားတို့၏ ယေဘူယျသဘောကို မထိခိုက်စေဘဲ၊ နိုင်ငံတော်သမတအား အထက်ကအပ်နှင်းထားပြီးဖြစ် သော အောက်ပါအာဏာများကို ထိုအဖွဲ့သို့လွှဲအပ်သည်။

(က) ၁၉၄၈ ခုနှစ်၊ ပါလီမံရွေးကောက်ပွဲ အက်ဥပဒေပုဒ်မ ၁၃ နှင့် ၁၅ အရအာဏာများ။

(ခ) ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ နည်းဥပဒေများပါ နည်းဥပဒေ ၁၄၊ ၃၄၊ ၉၀၊ ၉၁၊ ၉၂ အရ အာဏာများ။

၆။ ။ ရွေးကောက်ပွဲတွင် မဲပေးသည့်နေ့၌ အရွေးခံသူ၏အကျိုးငှါငှင်း၊ ထိုသူအရွေးခံခြင်းကိုအားပေးသော သဘောဖြင့် ၎င်း၊ အစိုးရ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်တို့ကို၊ ကြီးကြပ်စီမံရေးအဖွဲ့က သတ်မှတ်ပေးသော စည်းကမ်းချက်များ အရမှတပါး အသုံးမပြုစေရ။

<ပြင်ဆင် 23.07.1951>

၇။ ။ (၁) မဲရုံအသီးသီးရှိမဲရုံမှူးသည်၊ တရားမျှတစွာရွေးကောက်ပွဲကျင်းပသည်ကို၊ အနှောင့်အယှက်ဖြစ် စေသော၊ သို့တည်းမဟုတ် အနှောင့်အယှက်ဖြစ်စေရန်အကြောင်းရှိသော ဖြစ်ပျက်ပုံအကြောင်းခြင်းရာ တို့ကို၊ သက်ဆိုင်ရာရွေးကောက်ပွဲတာဝန်ခံအရာရှိအား၊ ချက်ခြင်းအစီရင်ခံရမည်။ ရွေးကောက်ပွဲ တာဝန်ခံအရာရှိသည် မိမိ၏ထောက်ခံချက်နှင့်တကွ၊ ထိုအစီရင်ခံစာကို ကြီးကြပ်စီမံရေးအဖွဲ့သို့ ချက်ခြင်းတင်ပို့ရမည်။

(၂) မဲပေးခြင်းကိုရပ်စဲလိုက်ပြီးမှဖြစ်စေ၊ မရပ်စဲသေးမီဖြစ်စေ၊ မဲဆန္ဒနယ်တွင်ရွေးကောက်ပွဲတာဝန်ခံ အရာရှိက ရွေးကောက်ပွဲ အရှုံးအနိုင်ကို မကြေညာမီ မည်သည့်အခါ၌မဆို၊ ကြီးကြပ်စီမံရေးအဖွဲ့သည်၊ မဲဆန္ဒတနယ်လုံးအတွက်သော်၎င်း၊ တစိတ်တဒေသအတွက်သော်၎င်း၊ ရွေးကောက်ပွဲသစ်တခုကို နောက်ထပ်ကျင်းပစေရန် နေ့ရက် ကိုသတ်မှတ်နိုင်သည်။

၈။ ။ ၁၉၄၈ ခုနှစ်၊ ပါလီမန် ရွေးကောက်ပွဲအက်ဥပဒေနှင့် ထိုအက်ဥပဒေအရပြဋ္ဌာန်းထားသော ပါလီမန်ရွေးကောက် ပွဲနည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုနည်းဥပဒေ ၃၄ (၁) (ဃ) အရသတ်မှတ်သည့်ပဋမအကြိမ် ပါလီမန် ရွေးကောက်ပွဲကျင်းပရန်နေ့ရက်ကို ထိုနည်းဥပဒေ ၃၄ (၁) (က)အရ၊ မဲဆန္ဒနယ်အသီးသီးအတွက် ရွေးကောက်တင်မြှောက်ရန် ထုတ်ပြန်ကြေညာသည့်နေ့မှ အနည်းဆုံးလေးဆယ့်ငါးရက်ခွါ၍သတ်မှတ်ရမည်။

၉။ ။ (၁) ပါလီမန် ရွေးကောက်ပွဲနည်းဥပဒေ ၃၄ (၁) (က) အရ ထုတ်ပြန်ကြေညာခြင်းမပြုမီ ကြီးကြပ်စီမံရေးအဖွဲ့သည်၊ ပြည်ထောင်စုအတွင်းငြိမ်ဝပ်ပိပြားရေး အခြေအနေကို ထောက်ထား၍ ပဋမအကြိမ်ပါလီမန်ရွေးကောက်ပွဲကို ထိုနည်းဥပဒေ ၃၄ (၁) (ဃ) အရ သတ်မှတ်မည့်နေ့ရက်တွင် ကျင်းပရန်ဖြစ်နိုင်မည်၊ မဖြစ်နိုင်မည်ကို နိုင်ငံတော် သမတထံသို့ အစီရင်ခံရမည်။

(၂) ကျင်းပရန်ဖြစ်နိုင်သည်ဟု ကြီးကြပ်စီမံရေးအဖွဲ့ကအစီရင်ခံလျှင်၊ ထိုအဖွဲ့သည် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ဆဲတွင်၊ လက်ရုံးအားကိုး ပြု၍ချိမ်းခြောက်မှုများ၊ မတရား သဖြင့်အာဏာသုံးမှုများ၊ ငြိမ်ဝပ်ပိပြားရေးပျက်မှုများ၊ စသောအနှောင့် အယှက်တို့သည်၊ ပြည်ထောင်စုအတွင်း ဒေသများစွာတို့တွင်ပေါ်ပေါက်သဖြင့်၊ ပါလီမန်ဆိုင်ရာ လွှတ်တော် တရပ်ရပ်တွင် လျှောက်ပတ်သင့်လျှော်သော အမတ်ဦး ရေရရှိစေရန် တရားမျှတ လွတ်လပ် သော ရွေးကောက်ပွဲမဖြစ်နိုင်ဟု

ကြီးကြပ်စီမံရေးအဖွဲ့ကထင်မြင်လာသော်၊ ပြည်သူ့လွှတ်တော်ရွေး ကောက်ပွဲအတွက် အရပ်ရပ်ဆိုင်ရာ မဲဆန္ဒနယ်များတွင် မဲဆန္ဒပေးရန် သတ်မှတ်ထားသော နေ့ရက် မတိုင်မီ နိုင်ငံတော်သမတထံသို့ အစီရင်ခံရမည်။

(၃) ပဌမအကြိမ် ပါလီမန်ရွေးကောက်ပွဲကို သတ်မှတ်မည့်နေ့ရက်တွင်၊ ကျင်းပရန်မဖြစ်နိုင်ဟု ကြီးကြပ်စီမံရေးအဖွဲ့က ပုဒ်မခွဲ (၁) အရ၊ အစီရင်ခံလျှင် ပဌမအကြိမ်ပါလီမန် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

ပဌမအကြိမ်ပါလီမန်ရွေးကောက်ပွဲကို သတ်မှတ်ထားသော နေ့ရက်တွင် ကျင်းပရန်မဖြစ်နိုင်ဟု ကြီးကြပ်စီမံရေးအဖွဲ့ကပုဒ်မခွဲ (၂) အရ၊ အစီရင်ခံလျှင် ပါလီမန်ရွေးကောက်ပွဲနည်းဥပဒေ ၃၄ အရ ဖြစ်စေ၊ ၅၂ အရဖြစ်စေ၊ ဆောင်ရွက်ပြီး သောကိစ္စအရပ်ရပ်သည်၎င်း၊ ထိုနည်းဥပဒေ ၃၄ (၁) (က) အရ၊ ထုတ်ပြန်ကျေညာသည့်နေ့နောက်၌ ထိုရွေးကောက်ပွဲအတွက် ဆောင်ရွက်ပြီးဖြစ်သော ကိစ္စ အရပ်ရပ် သည်၎င်းပျက်ပြယ်ပြီဟု မှတ်ယူရမည်။

၁၀။ ။ ပဌမအကြိမ် ပါလီမန်ရွေးကောက်ပွဲကို၊ ကျင်းပရန်မဖြစ်နိုင်ဟု ကြီးကြပ်စီမံရေးအဖွဲ့က ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) အရသော်၎င်း၊ ပုဒ်မခွဲ (၂) အရသော်၎င်းအစီရင်ခံလျှင်၊ နိုင်ငံတော်သမတသည် ထိုအစီရင်ခံ စာကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ တွင်၊ ပဌမအကြိမ် ပါလီမန်ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့်ကာလ အပိုင်းအခြားအတွင်းတွင်၊ တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) သို့တင်ပြရ မည်။

၁၁။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိနှင့် မဲရုံမှူးများအပေါ်၌၊ ကြီးကြပ်စီမံရေးအဖွဲ့က ကြီးကြပ် စီမံနိုင်သော အာဏာများတွင်၊ ကိစ္စအသီးသီး၌ သင့်တော်သည်ဟုမှတ်ယူအပ်သောစည်းကမ်းသေဝပ်မှု ဆောင်ရွက်ရေးအတွက်၊ နိုင်ငံတော်သမတအား ထောက်ခံအကြံပေးနိုင်သော အခွင့်အရေးလည်းပါ ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊<br>
နိုင်ငံတော်ယာယီသမတ၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ တပို့တွဲလဆုတ် ၇ ရက်။<br>
(၁၉၄၉ ခု၊ ဖေဖော်ဝါရီလ ၁၉ ရက်။)

အမိန့်အရ၊<br>
ရွှေဘော်၊<br>
နိုင်ငံတော်သမတအတွင်းဝန်။<br>
[အမှတ် ၂၃]